EMReF Enlightened Myanmar Research Foundation ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၃)၊ အမှတ်-၇၉

မေ ၂၈ ရက်၊ ၂၀၁၉

## အင်းလေးကန်ဒေသထိန်းသိမ်းကာကွယ်ရေးဥပဒေ (မူကြမ်း) ပြည်သူလူထု ကြားနာပွဲ ကျင်းပမည်

မေ ၂၂၊ ၂၀၁၉

ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ အင်းလေးကန်ဒေသ ထိန်းသိမ်းကာကွယ်ရေး ဥပဒေ(မူကြမ်း)နှင့် ပတ်သက်၍ ပြည့်စုံကောင်းမွန်သော ဥပဒေတစ်ခု ပေါ်ထွက်လာစေရေးအတွက် ပြည်သူလူထုကြားနာပွဲကို (၅-၆-၂၀၁၉ ) မှ (၇-၆-၂၀၁၉ ) အထိ နေ့စဉ် နံနက် ၁၀ နာရီမှစတင်၍ ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ကျားခေါင်းခန်းမတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ရှမ်းပြည်နယ်လွှတ်တော်က အသိပေးကြေညာထား သည်။

ထို့ပြင် www.shanstateparliament.gov.mm နှင့် ရှမ်းပြည်နယ်လွှတ်တော် ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ပူးတွဲတင်ပြထား သော အင်းလေးကန်ဒေသ ထိန်းသိမ်းကာကွယ်ရေးဥပဒေ (မူကြမ်း)နှင့်ပတ်သက်၍ အောက်ဖော်ပြပါ အကြောင်းအရာများအပေါ် အကြံပြုချက်များ ပေးပို့လိုပါက shanparliament@gmail.com သို့ (၃၁-၅-၂၀၁၉ ) ရက်နေ့ နောက်ဆုံးထားပေးပို့နိုင်ပါကြောင်းအသိပေးကြေညာထားသည်။

(က) ဥပဒေ (မူကြမ်း)၏ ရည်ရွယ်ချက်မှာ အဘယ်နည်းနှင့် ၎င်းသည် ဆီလျော်ပါသလား။

(ခ) ဥပဒေ (မူကြမ်း)အတွက် လိုအပ်ချက်မှာ ရှင်းလင်းပါသလား။

(ဂ) ဥပဒေ (မူကြမ်း)အတွက် ရည်ရွယ်ချက်မှာ လိုအပ်ချက်နှင့် ကိုက်ညီပါသလား။

(ဃ) ဥပဒေ (မူကြမ်း)၏ ရည်ရွယ်ချက်မှာ ဥပဒေတစ်ရပ်၏ အဓိကကျသော



ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီပါသလား။

(င) ဥပဒေ (မူကြမ်း)၏ ကြိုတင်ခန့်မှန်းနိုင်သော အကျိုးဆက်များမှာ အဘယ်နည်း။

(စ) ဥပဒေ (မူကြမ်း) တွင် မရည်ရွယ်ဘဲဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များ ရှိပါသလား။

(ဆ) ဥပဒေ(မူကြမ်း)ထည့်သွင်းရေးဆွဲထားသော အကြောင်းအရာများသည် အစိုးရ၏ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း၊ လုပ်ထုံး လုပ်နည်းများနှင့် ကိုက်ညီပါသလား။

(ဇ) ဥပဒေ (မူကြမ်း)သည် တရားဥပဒေစိုးမိုးရေးကို ထောက်ပံ့ပါသလား။

(ဈ) ဥပဒေ (မူကြမ်း)သည် ဥပဒေပြုရေးလွှတ်တော်များမှ အစိုးရအား သင့်လျော်မှန်ကန်စွာ အပြန်အလှန် ထိန်းကျောင်းနိုင်ရန် အထောက်အပံ့ပေးပါသလား။

(ည) သီးခြားအကြံပြုချက်များ

**(ကိုးကား- ရှမ်းပြည်နယ်လွှတ်တော်ဖေ့စ်ဘွတ်ခ်)**

## သတင်းတို

- ကရင်ပြည်နယ် ဓာတ်သတ္တုအသေးစားလုပ်ငန်းနှင့် လက်လုပ်လက်စား ဥပဒေ( မူကြမ်း) နှင့်စပ်လျဉ်း၍ အကြံပြုချက်ပေးပို့လိုသူများရှိပါက အကြံပြုချက်များကို ကရင်ပြည်နယ်လွှတ်တော်ရုံးသို့လိပ်မူ၍ ၃၁.၅.၂၀၁၉ ( သောကြာနေ့ ) နောက်ဆုံးထားပြီး ပေးပို့နိုင်ပါကြောင်း ကရင်ပြည်နယ်လွှတ်တော် ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် အဆိုပါဥပဒေကြမ်းနှင့်အတူ ပူးတွဲ၍ အသိပေးကြေညာထားသည်။

**(ကိုးကား- ကရင်ပြည်နယ်လွှတ်တော်ဖေ့စ်ဘွတ်ခ်)**

# ရင်းနှီးမြှုပ်နှံမှုခွင့်ပြုချက်ရရှိထားသော်လည်း လုပ်ငန်းအကောင်ထည်ဖော်ဆောင်ရွက်နိုင်စွမ်းမရှိသည့် ကုမ္ပဏီများအား မည်သို့ထိန်းကျောင်းမည့်အကြောင်း မေးမြန်း

မေ ၉၊ ၂၀၁၉

၁၃ကြိမ်မြောက်၊ မွန်ပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူ (သထုံ-၂) က မွန်ပြည်နယ်အတွင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုခဲ့ပြီး မြေပြင်တွင် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းမရှိသောကုမ္ပဏီများအား မွန်ပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ထိန်းကျောင်းသွားမည်ကို စိတ်ဝင်စားပါကြောင်း၊ မွန်ပြည်နယ်တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ခွင့်ပြုချက်ရရှိပြီးသော လုပ်ငန်းများစွာရှိကြောင်း၊ သို့သော် မြေပြင်တွင် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများ အားနည်းလျက်ရှိသည့်အတွက် မွန်ပြည်နယ်အစိုးရ အဖွဲ့အနေဖြင့် ခွင့်ပြုချက်ရယူပြီး လုပ်ငန်းဆောင်ရွက်မှုမရှိသော ကုမ္ပဏီများအား မည်ကဲ့သို့ထိန်းကျောင်းသွားမည်ကိုသိလိုကြောင်းမေးမြန်းရာ မွန်ပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီး ဦးဝဏ္ဏကျော်က မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်ရရှိခဲ့ပြီးဖြစ်သော်လည်း အခြားဌာနဆိုင်ရာ၏ လိုအပ်သောခွင့်ပြုမိန့်များမပြည့်စုံသည့်အတွက် လုပ်ငန်းဆောင်ရွက်မှုနှောင့်နှေးနေခြင်းဖြစ်ပြီး လုံးဝလုပ်ငန်းဆောင်ရွက်မှုမရှိခြင်း မဟုတ်ပါကြောင်းနှင့် အဆိုပါကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်မှုမျာ အား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့တို့မှလည်း နှစ်စဉ်ပုံမှန်ကွင်းဆင်းကြီးကြပ်ဝန်ဆောင်မှုပေးလျက်ရှိသည်ဟု ဖြေကြား သည်။

ကိုယ်စားလှယ်မှဆက်စပ်မေးခွန်းအနေဖြင့် မေးမြန်းရာတွင် တချို့သောကုမ္ပဏီများသည် MIC ခွင့်ပြုချက်အား လက်ဦးမှုသဖွယ်ရယူထားပြီး နိုင်ငံတကာသို့ လိုက်လံရောင်းချနေသည့် ပွဲစားများသဖွယ် ကျင့်ကြံဆောင်ရွက်နေသကဲ့သို့မြင်မိကြောင်း၊ MIC ခွင့်ပြုချက်အရ လုပ်ငန်းအကောင်ထည်ဖော်နေသည့်ကာလ (Construction Period) အဖြစ် သတ်မှတ်ထားသည့် (၃) ကာလကုန်ဆုံးပြီး နောက်ထပ်သက်တမ်းတိုးမြှင့်ရေးအတွက် ယင်းကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်ထားရှိမှု၊ တိုးတက်မှုအခြေအနေနှင့် စပ်လျဉ်းပြီး ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ သဘောထားမှတ်ချက်ပေးတဲ့အခါမှာ လုပ်ငန်းဆောင်ရွက်နိုင်ခြင်းမရှိသည့် ကုမ္ပဏီအဖွဲ့အစည်းများအား အမှန်ပကတိအတိုင်း သဘောထားမှတ်ချက် ပေးပို့ဆောင်ရွက်ရန်ရှိသဖြင့် ထိုအခါတွင် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ယင်းကဲ့သို့ အမှန်ပကတိအခြေအနေအတိုင်း MIC သို့ သဘောထားပေးပို့သွားရန် အစီအစဉ်ရှိ၊ မရှိ၊ ကုမ္ပဏီအနေဖြင့် မြေပြင်တွင် ဘာမှ မလုပ်ဘဲ Permit ကိုင်ထားပြီး (၃) နှစ်ပြည့်လျှင် သက်တမ်းတိုးသည့်ကိစ္စသည် ယုတ္တိဗေဒမဆန်သည့်ကိစ္စဖြစ်၍ ၎င်းကိစ္စမျိုးကို ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ထိရောက်သည့် ဆောင်ရွက်မှုပြုလုပ်ပေးဖို့ အစီအစဉ်ရှိ/မရှိမေးမြန်းရာ- ခွင့်ပြုသက်တမ်း(၃)နှစ်ပြည့်မှသာ ပြည်နယ်အစိုးရက သဘောထားပေးပို့ရမည်ဖြစ်ပြီး (၃)နှစ်အတွင်း သက်ဆိုင်ရာ MIC ရဲ့ Permit ကို ရယူထားသည့် ကုမ္ပဏီများအနေဖြင့် လုပ်ငန်းဆောင်ရွက်ခြင်းမရှိခဲ့ပါက MIC က လုပ်ငန်း (၃) နှစ်ပြီးနောက် သဘောထားမေးမြန်းလာသည့်အချိန်တွင် ပြည်နယ်အစိုးရအနေဖြင့် လုပ်ငန်းဆောင်ရွက်ထားခြင်းမရှိလျှင် မရှိကြောင်း၊ သဘောထားမှတ်ချက်ပေးသွားမှာဖြစ်သလို လုပ်ငန်းဆောင်ရွက်ထားလျှင်လည်း ရာခိုင်နှုန်းအားဖြင့် မည်၍မည်မျှဆောင်ရွက်ထားသည်ကို သဘောထားမှတ်ချက်ပေးသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုမရှိသည့် ကုမ္ပဏီအား ပြည်နယ်အစိုးရအဖွဲ့မှ နှစ်ကြိမ်တိုင်တွန်းအားပေး ဆောင်ရွက်ထားကြောင်း ဝန်ကြီးက ဖြေကြားခဲ့သည်။ **(ကိုးကား- မွန်ပြည်နယ်လွှတ်တော်ဖေ့စ်ဘွတ်ခ်)**

# ပြည်နယ်ကျေးရွာထင်းစိုက်ခင်းဥပဒေ အကောင်ထည်ဖော်နိုင်ရေး မေးမြန်း

မေ ၉၊ ၂၀၁၉

၁၃ ကြိမ်မြောက် မွန်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့ (သထုံ-၁) မှ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ၏ စီမံပိုင်ခွင့်အရ ဆောင်ရွက်ထားရှိသည့် ကျေးရွာထင်းစိုက်ခင်းနှင့်ပတ်သက်၍ ဆက်စပ်မေးခွန်းအနေဖြင့် ကျေးရွာထင်းစိုက်ခင်းဥပဒေကို ပြည်နယ်လွှတ်တော်မှ ပြဋ္ဌာန်းပြီးနောက် ကျေးရွာစိုက်ခင်းများကို Focal Person ဖြစ်သည့်သစ်တောဦးစီးဌာနအောက်တွင် ဖွဲ့ပေးထားသည့် ကြီးကြပ်ရေးကော်မတီများဖြင့် ကြီးကြပ်ပြီး ပြန်လည်ထိန်းသိမ်းထားခြင်းရှိ/မရှိ၊ ကျေးရွာများအား လွှဲပြောင်းပေးထားသည်ဆိုသည့်ဧကများ မြေပြင်တွင် တကယ်ရှိပါသလား (သို့) တစ်ဦးတစ်ယောက်ပုဂ္ဂလိကပိုင်ဖြစ်နေပါသလား၊ မွန်ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းထားသည့် ကျေးရွာထင်းစိုက်ခင်းဥပဒေအတိုင်း ပြန်လည်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ မေးမြန်းရာ မွန်ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးမှ ဒေါက်တာမင်းကြည်ဝင်းမှ ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းခဲ့သည့် ကျေးရွာထင်းစိုက်ခင်းနှင့် ဆောင်ရွက်ထားသည့်ကိစ္စမရှိကြောင်း၊ ယခင်က နိုင်ငံတော်ငွေကြေးနှင့် စိုက်ပျိုးခဲ့သည့် သစ်တောစိုက်ခင်းရှိပြီး ၁၉၉၂ ခုနှစ် သစ်တောဥပဒေအရသော်လည်းကောင်း၊ နည်းဥပဒေအရသော်လည်းကောင်း စိုက်ထားခြင်းဖြစ်ပြီး နည်းဥပဒေအရ ကျေးရွာမှသုံးစွဲမည့် ကြီးကြပ်မှုကော်မတီကို လွှဲပြောင်းပေးပြီးပါက သစ်တောဦးစီးဌာနမှ စီမံခန့်ခွဲပိုင်ခွင့် မရှိတော့ဘဲ ကြီးကြပ်မှုကော်မတီနှင့်အသုံးချသူများက စီမံခန့်ခွဲပါကြောင်း၊ နောက်ပိုင်းတွင် ရာဘာပင်များ ကျူးကျော်စိုက်ပျိုးလာသည့်အတွက် နိုင်ငံတော်၏ ငွေလုံးငွေရင်းဖြင့်စိုက်ထားသည့် စိုက်ခင်းများ ပျက်စီးယိုယွင်းကာ လက်ကျန်မရှိသလောက် ဖြစ်နေကြောင်း၊ ပြဋ္ဌာန်းထားသည့် ထင်းစိုက်ခင်းဥပဒေအရ စိုက်ခင်းတည်ထောင်မည်ဆိုပါက သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးမှတစ်ဆင့် တင်ပြပြီး ဥပဒေအရ သစ်တောဦးစီးဌာနက ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဥပဒေအရ တည်ထောင်ထားသည့်စိုက်ခင်းဖြစ်ပါက ဥပဒေအရအရေးယူဆောင်ရွက်မှုရှိလာမည်ဖြစ်ကြောင်း ဖြေကြားခဲ့သည်။ **(ကိုးကား-မွန်ပြည်နယ်လွှတ်တော်)**

# တိုင်းအစိုးရဝန်ကြီးများကို စစ်ကိုင်းတိုင်းလွှတ်တော်ဥက္ကဋ္ဌ သတိပေး

**မေ ၁၇၊ ၂၀၁၉**

တိုင်းအစိုးရဝန်ကြီးများအနေဖြင့် မေးခွန်းများကို ဝတ်ကျေတန်းကျေ လာရောက်ဖြေဆိုခြင်းမပြုရန် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌဦးသန်းက သတိပေးသည်။

မေလ ၁၅ ရက်ကကျင်းပသော တိုင်းလွှတ်တော်အစည်းအဝေး ပြီးဆုံးကြောင်း နိဂုံးချုပ်စကားပြောရာတွင် ဦးသန်းက အောက်ပါအတိုင်း ပြောကြားသည်။

"မိမိတို့လွှတ်တော်အနေနဲ့ အစည်းအဝေးပြုလုပ်တော့မယ်ဆိုရင် အခမ်းအနားအစီအစဉ်များကို ပြည်သူများသိရှိအောင် ဖေ့စ်ဘွတ်ခ်ပေ့ချ်မှာ ကြိုတင်ခြင်း၊ Live လွှင့်ခြင်းများ ပြုလုပ်သည့်အတွက် ကိုယ်စားလှယ်များနဲ့ဝန်ကြီးများ မေးမြန်းဖြေကြားတာတွေကို စိတ်ဝင်တစားစောင့်ကြည့်နေကြတဲ့ ပြည်သူတွေရှိနေတဲ့အတွက် ဝန်ကြီးများအနေနဲ့လွှတ်တော်မှာဝတ်ကျေတန်းကျေ လာရောက်ဖြေဆိုခြင်းမလုပ်ဘဲ အလေးအနက်ထားဖြေကြားဖို့လိုသလို ဖြေကြားချက်အပေါ်လည်း သေချာမှတ်သားအကောင်အထည်ဖော်ဆောင်ရွက်ကြဖို့ ထပ်မံတိုက်တွန်းလိုပါတယ်"ဟု ဦးသန်းက ပြောသည်။

ဧပြီ ၂၅ ရက်မှ မေလ ၁၅ ရက်အထိ ကျင်းပသော ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် (၁၈) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက ဌာနအလိုက် မေးခွန်းမေးမြန်းရာ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာနနှင့်သက်ဆိုင်သည့် မေးခွန်းကိုးခု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့်သက်ဆိုင်သည့် မေးခွန်း ၂၆ ခု၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် မေးခွန်း ၁၂ ခု၊ လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးနှင့်သက်ဆိုင်သည့် မေး ခွန်း ၄၃ ခု၊ စည်ပင်သာယာရေးနှင့်သက်ဆိုင်သည့် မေးခွန်း ၁၄ ခု၊ လူမှုရေးဝန်ကြီးဌာနနှင့်သက်ဆိုင်သည့် မေးခွန်း ၂၇ ခု၊ စာရင်းစစ်ချုပ်နှင့်သက်ဆိုင်သည့် မေးခွန်း တစ်ခုဖြစ်ကြောင်း ဦးသန်းကပြောသည်။

"ဒီ (၁၈) ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ လွှတ်တော်ဥက္ကဋ္ဌက ဝန်ကြီးတွေကိုသတိပေးတာ နှစ်ကြိမ်ရှိသွားပြီ။ အခါက ဝန်ကြီးတွေက လွှတ်တော်ကို လေးစားမှုပိုင်း နည်းနည်းလျော့နည်းနေသေးတာပေါ့။ ဥပမာ- ဝန်ကြီး က အဖြေပါမလာတာလည်း နှစ်ကြိမ်၊ သုံးကြိမ်လောက်ရှိပြီ"ဟု ကနီမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်းက ပြောသည်။

လွှတ်တော်ကိုယ်စားလှယ် တစ်ဦး၏ မေးခွန်းကို သက်ဆိုင်ရာဝန်ကြီးက လာမဖြေဘဲ အခြားဝန်ကြီးက ကိုယ်စားဖြေသည့်အပေါ် ဝန်ကြီးများ လွှတ်တော်ကို အလေးထားရန် တိုင်းလွှတ်တော်ဥက္ကဋ္ဌက သတိပေးခဲ့သည်။

**(ကိုးကား- http://www.7daydaily.com)**

# မွန်ပြည်နယ်လွှတ်တော်တွင် ဝန်ကြီးများ မေးခွန်းဖြေဆိုမှုနှင့်ပတ်သက်၍ လွှတ်တော်ဥက္ကဋ္ဌ သတိပေး

**မေ ၁၂၊ ၂၀၁၉**

မွန်ပြည်နယ်လွှတ်တော်၌ ဝန်ကြီးများ မေးခွန်းဖြေဆိုမှုတွင် လိုအပ်ချက်များရှိသဖြင့် လွှတ်တော်ဥက္ကဋ္ဌဒေါ်တင်အိက ဝန်ကြီး များကို သတိပေးသည်။

ကိုယ်စားလှယ်များ၏မေးခွန်းသည် ဆက်စပ်မေးခွန်းများဖြစ်လာခြင်း၊ အချို့မေးခွန်းများကို ဝန်ကြီးချုပ်က မကြာခဏ ဖြေကြားခြင်းများရှိသဖြင့် ယခုကဲ့သို့ သတိပေးပြောကြားခြင်း ဖြစ်သည်။

"ဝန်ကြီးများသည် မိမိတာဝန်ယူသော ဝန်ကြီးဌာနနှင့်ပတ်သက်သည့် မေးခွန်းများကိုသာဖြေပါ။ တိတိကျကျနဲ့ မြေပြင်အနေအထားနဲ့ ကိုက်ညီမယ့်အဖြေရမယ်ဆိုရင် ဆက်စပ်မေးခွန်းကို ကိုယ်စားလှယ်တွေက မမေးပါဘူး။ မေးခွန်းများကို ကြိုတင်ရထားလျက် တိကျသေချာတဲ့ အဖြေတွေကိုဖြေဆိုဖို့ ကျွန်မတိုက်တွန်း ပါတယ်"ဟု ဒေါ်တင်အိက ပြောကြားသည်။

ပြည်နယ်လွှတ်တော် (၁၃) ကြိမ်မြောက် အစည်းအဝေးကို မေလ ၂ ရက်မှ ၁၀ ရက်အထိ ကျင်းပပြီး လွှတ်တော်အစည်းအဝေး နောက်ဆုံးရက်တွင် ဝန်ကြီးများကို သတိပေးခဲ့သည်။

လွှတ်တော်ကရရှိသည့် မေးခွန်းများကို မြေပြင်ဆင်းပြီး သေချာဖြေဆိုရန် ဒေါ်တင်အိက ထပ်မံပြောကြားသည်။

"ကိုယ်စားလှယ်တွေက မေးခွန်းမေးရင်းနဲ့ ဆက်စပ်မေးခွန်း ဖြစ်လာတယ်။ ဆက်စပ်မေးခွန်းဆိုတာ တစ်ကြိမ်လောက်ပဲ မေးသင့်တယ်။ ဆက်စပ်မေးခွန်းကို တစ်ကြိမ်တည်းမဟုတ်ဘဲ အကြိမ်ကြိမ်မေးလာတဲ့အခါ သက်ဆိုင်ရာဝန်ကြီးတွေကို အကျပ်ရိုက်စေမယ့် အခြေအနေမျိုးကို ဆွဲခေါ်သွားတဲ့ ဆက်စပ်မေးခွန်းများကို တွေ့နေရတယ်။ ဒါကို ထိန်းချုပ်ပေးဖို့ လိုအပ်တယ်။ အဲဒီလိုအခြေအနေမျိုးဖြစ်လာရင် ဝန်ကြီးချုပ်က ဝင်ပြီးဖြေကြားပေးရတဲ့ အခြေအနေမျိုးဖြစ်လာတယ်။ သဘောရိုးနဲ့မေးရင် ကျွန်တော်တို့မှာ ပြဿနာမရှိဘူး။ သဘောရိုးနဲ့မမေးလို့ ဒီလိုပြဿနာတွေ ဖြစ်လာကြတယ်"ဟု မွန်ပြည်နယ် စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးထွန်းငြေးက ပြောသည်။

မေးခွန်းများသည် မြေပြင်ဆိုင်ရာ အချက်အလက်များဖြစ်လျှင် အကောင်းဆုံးရနိုင်အောင် စိစစ်ပြီး ဖြေကြားရကြောင်း၊ မူဝါဒဆိုင်ရာ အချက်အလက်များဖြစ်ပါက ရုံးနှင့်ဌာနဆိုင်ရာများမှ အချက်အလက်များ တင်ပြရကြောင်း ၎င်းကဆိုသည်။

**(ကိုးကား-http://www.7daydaily.com)**